# အကြီးအမှူး ဖြစ်စေတော်သော



ချစ်နိုင် (စိတ်ပညာ)

# (၁) လှိုင်းနှင့်လေ

အကယ်၍ သာ,ဘဂဟူသည့်အရာကို တူရာပမာပြု၍ , ရှုမြင်ကြည့်လိုက်မည်ဆိုလျှင် , မိမိနှင့်ပတ်ဝန်းကျင်ဟု, အပိုင်းနှစ်ခုတွေ့ရပေလိမ့်မည်။ တင်စားမှုပြုရလျှင် ပတ်ဝန်းကျင်သည် အကယ်၍ လှိုင်းလေရှိတတ်သော ရေပြင်ဆိုပါစို့။ ကျွန်ုပ်တို့ဘဂ ၊ကျွန်ုပ်တို့ကိုယ်တိုင်သည်, လှေပမာ ၊ဖောင်ပမာ၊ဖြစ်ကြပါလိမ့်မည်။ လှိုင်းက တစ်ကဏ္ဍ၊လှေက တစ်ပိုင်း။

လှိုင်းနှင့်လေသည် ပြင်ပပတ်ဝန်းကျင် အခြေအနေ,ဖြစ်ပေသည်။ ထိုပတ်ဝန်းကျင် အခြေအနေကို မိမိမထိန်းချုပ်နိုင်ချေ။ မှန်ပေသည်။ လှိုင်းနှင့်လေကို ငြိမ်စေ၊ ထန်စေဟု မိမိတို့မဖန်တီးနိုင်ပေ။မိမိတို့စွမ်းဆောင်နိုင်သော ပမာဏ၏ အပြင်အပတွင် ရှိကြလေသည်။ လှိုင်းထန်ချင်ထန်မည်။ လှိုင်းအိအိလေးတွေသာရှိကောင်းရှိမည်။ လေပြင်းကျလာကောင်းကျလာမည်။ လေပြည်လေညင်းလေးသာ တဖြူးဖြူးလာနေသည်လည်းရှိကောင်းရှိမည်။ မုန်တိုင်းကို မတားဆီး နိုင်ပေ။ မုန်တိုင်းကို စဲပါစေဟုလည်း မရပ်တန့်စေနိုင်ပေ။ထို ပြင်ပအခြေအနေတို့ကို မိမိ၏ စွမ်းအားသတ္တိဖြင့် ဖဖန်တီး၊ မထိန်းချုပ်နိုင်ဟုသာ ယူဆထားရမည်ဖြစ်၏ ။

မိမိပြုလုပ်စီမံနိုင်သည်ကား မိမိ၏ လှေဖောင်ကို ကောင်းအောင် ခိုင်အောင် လုပ်ဆောင်ခြင်းသာလျှင်တည်း။ ခရီးမထွက်မီကလည်း ခိုင်ခံ့သပ်ရပ်အောင် တည်ဆောက်ရမယ်။ ခရီးတစ်လျှောက် မိုးလေ မုန်တိုင်းတို့နှင့် အကယ်၍ ကြုံတွေ့ခဲ့သော် ရွက်တိုင်၊ ရွက်ကြိုး၊ ပဲ့၊ တံခွန်၊ ခေါင်မိုး စသည်တို့ မပျက်မကျိုးရအောင် ကာကွယ်ရမည်။ ပေါက်ခြင်း၊ ယိုခြင်း၊ ကျိုးပဲ့ခြင်းတို့

ဖြစ်ခဲ့သော် မိနစ်နာရီမဆိုင်း အမြန်ဆုံးပြုပြင် လဲလှယ် ဖာထေးခြင်း စသည်တို့ကို လုပ်ဆောင်ရမည်။ ထိုသို့ လုပ်ဆောင်နိုင်ရန်လည်း တစ်ရံမလပ် သတိကပ်လျက် စေ့စပ်စွာ မိမိလှေကို သုံးသပ်စစ်ဆေး နေရမည်။ မိမိ ကိုယ်ကို ဂေဖန်ရေးဟု ဆိုရမည်။ မိမိကိုယ်ကို သုံးသပ်စိစစ်၍ ကောင်းသည်ထက်ကောင်း၊ ခိုင်သည်ထက်ခိုင်အောင်၊ လုပ်ဆောင်ခြင်းသည် မိမိ၏ လုပ်ငန်း (အလုပ်)တာဝန် အမှန်စစ်စစ်ပေတည်း။ စိစစ်ပြုပြင်ရေးသည် မိမိတာဝန်။

အချို့လူတို့သည် မိမိကိုယ်ကို ပြုပြင်ရန် မြှင့်တင်ရန် သို့မဟုတ် အပေါက်အပြဲတို့ကို ဖာထေး ပြင်ဆင်ရန် လှည့်မကြည့်။ သတိမထား။ လျစ်လျူပြုတတ်ကြပေသည်။

သူ၏ မျက်စိသည် လှိုင်းတွေ လေတွေကိုသာ ကြည့်ရှုကာ လှိုင်းကြီးလျှင်ကြီးပြန်ပြီ၊ လေပြင်းကျလျှင် ကျပြန်ပြီ၊ မုန်တိုင်းထန်က ထန်ရပ့်မလား ဟု ရွတ်ဆို မြည်တမ်းကာ လောကပတ်ဝန်းကျင်ကို မကျေမနပ် အပြစ်တင်နေတတ်သည်။ မိမိက ဂေဖန်ပြစ်တင်လုပ်နေ သဖြင့်လည်း သူသည် ဝပ်ဆင်းငြိမ်သက်သွားမည် မဟုတ်။ မိမိအလုပ်က လှေခိုင်ဖို့ လှေကောင်းဖို့သာ အဓိက။ မဆိုင်ရာလုပ်၍ အချိန်မကုန်ရစေနှင့်။

ကိုယ့်အလုပ်ကိုယ်လုပ်ရမည်။ သူ့ အလုပ်ကို သူ လုပ်လိမ့်မည်။

လှိုင်းအကြောင်းမပြောရဘူးဟု မဆိုလိုပေ။

မိုးသား မိုးတိမ်၊ လှိုင်းလေ၊ ရာသီဥတုအခြေအနေကို ကြည့်ရှုစေ့ငုံရမည်။ မှန်ပါသည်။ သို့သော် အဓိကအလုပ်သည်ကား မိမိကိုယ်ခန္ဓာနှင့်ဆိုင်သည်။ မိမိ၏ ရုပ်ကကျန်းမာရမည်။ မိမိ၏ စိတ်က ကြံ့ခိုင်ရမည်။ လှေကိုသာကောင်းစွာ ပြုပြင်ထားသည်ရှိသော် ဘဂသမုဒ်ပြင်ခရီးရှည်ကြီးတွင် မည်သည့် မုန်တိုင်း မည်သည့် လှိုင်းကိုမှ မှုစရာ ကြောက်စရာ မဟုတ်တော့ပြီ။

လှေနှင့်ပမာတူသော သင်၏ ကိုယ်ကို ကျူအစား ဝါးနှင့်လည်းကောင်း၊

ဝါးအစား သစ်နှင့်လည်းကောင်း၊ သစ်ဆိုရာတွင် အင်၊ ကညင်၊ သစ်ရာအစား ပိတောက်နှစ်၊ ကျွန်းသစ်စသည်တို့ဖြင့်လည်းကောင်း၊ တည်ဆောက်လျှင် မကောင်းပေလော။ ပျက်စီးလွယ်သော လှေ၊ ဖောင်နှင့်ပင်လယ်ပြင်ကို ဖြတ်သန်းမည့်အစား ခိုင်မာကောင်းမွန်သော လှေသင်္ဘော်ဖြင့် ဖြတ်ရသော် ပိုမိုမကောင်းမွန်ပေလော။ မိမိကိုယ်ကို မိမိ မစိစစ်သင့်ပေသလော။

မေးပါရစေ။

သင့်ကိုယ်သင် မည်သို့တည်ဆောက်နေပါသနည်း။ သင်သည် သင့်ခရီးအတွက် သင်၏ လှေကို ကိုယ်တိုင်ကောင်းစွာ ထွင်းထုတည်ဆောက်နေဆဲ ဟုတ်ပါသလား။

**ဒို့ကျေးရွာဂျာနယ်**

**၇-၃-၂၀၀၇**

*

## (၂) အကြီးအမှူးဖြစ်စေတတ်သောတရား

မြတ်စွာဘုရားက လိစ္ဆဝီမင်းသား မဟာလိအား သကြားမင်းဆိုသည်မှာ အမှန်တကယ် ရှိကြောင်း၊ ကိုယ်တိုင် မြင်ကြောင်း သိကြားမင်းဖြစ်စေတတ်သော ကျင့်ဝတ်(၇)ပါးကိုလည်းသိကြောင်း၊ ယခုသကြားမင်းမဖြစ်မီ ရှေးဘဝကိုလည်းသိကြောင်း၊ မိန့်ကြားတော် မူဖူးလေသည်။ မဟာလိအား မြတ်စွာဘုရားက သိကြားမင်းဖြစ်အောင် အကျိုးပေးသော ကျင့်ဝတ်(၇)ပါးကို ဟောကြားတော်မူခဲ့သည်-

(၁) မိဘနှစ်ပါးအား လုပ်ကျွေးမွေးမြူခြင်း

(၂) ကြီးသောသူတို့အား ရိုသေလေးစားခြင်း

(၃) နူးညံ့သိမ်မွေ့ပြေပြစ်သော စကားကိုဆိုခြင်း

(၄) ကုန်းတိုက်သော စကားကို မဆိုခြင်း

(၅) ဝန်တိုမှု့မရှိခြင်း

(၆) သစ္စာနှင့် ယှဉ်သောစကားကို ပြောဆိုခြင်း

(၇)မိမိ၏ အမျက်ဒေါသကို ချိုးနှိမ်ခြင်း

"မိဘတို့အား လုပ်ကျွေးမွေးမြူခြင်းနှင့် ပတ်သက်၍ "ပုတ္တောဝါဒ ဆုံးမစာ" ၌ "မိကို လက်ယာ၊ ဘမှာ လက်ဝဲ၊ အမြဲထမ်းလျှက်၊ ပုခုံးထက်တွင်၊ သို့ပင်နိစ္စ၊ လုပ်ကျွေးကြလည်း၊ ရှေးကပြုဖူး၊ မွေးကျေးဇူးကို၊ အထူးမြဲခိုင်၊ မဆပ်နိုင်တည်း" ဟု စပ်ဆိုထားလေသည်။ မြင့်မိုရ်တောင်ဦး မကကျူးသည့်

ကျေးဇူးကြီးပေ မွေးဖသခင်၊ မွေးသမိခင် ဖေဖေ၊ မေမေတို့ကို ရိုသေစွာ ပြုစုယုယ လုပ်ကျွေးကြလျှင် မိမိဘဝ၌ နတ်တို့၏ အကြီးအမှူး သိကြားမင်းကဲ့သို့ ဘုန်းတန်ခိုးရရှိ ပြည့်စုံစေသော ကောင်းကျိုးကိုရရှိလေသည်။

ကျားမ မဟူ လူကြီးလူငယ် အားလုံးတို့သည် အထက်ပါ ကျင့်ဝတ်(၇)ချက်ကို အလေးအနက်ထားကာ မိမိဘဝတွင် လက်တွေ့ ကျင့်သုံးကြပါက ကောင်းကျိုးအမှန် မုချရကြမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ ဤနိယာမဥပဒေသည် နှစ်ပေါင်း ၂၅ဝဝ ကျော်က မြတ်စွာဘုရား၏ တရားဒေသနာ သုတ္တံတရားမှာ ပါခြင်းကြောင့် ခိုင်မာမှန်ကန် လှပါသည်။ မျက်မြင်အားဖြင့်လည်း ကျွန်ုပ်တို့ ပတ်ဝန်းကျင်၌ မိဘကို ချစ်ခင်ရို့ကျိုးစွာ လုပ်ကျွေးပြုစုကြသူ များသည်။ ကောင်းစွာ ကြီးပွားကြသည်။ အမိအဖတို့ကို ညိုငြင် ညှူစူ ပစ်ပယ် ကျေးဇူးမသိတတ်သူတို့ကား ရေနည်းငါးပမာ နွမ်းပါးဆင်းရဲကြသည်ကို တွေ့ကြရပါလိမ့်မည်။

ကျေးဇူးရှင် အမိအဖတို့ကို ဆူပူမောင်းမဲ နှိပ်စက်ဆဲဆိုသော သားဆိုး သမီးဆိုးများသည်ကား လောက မျက်မှောက်ဘဝ၌ တွင် ရေနွေးရေပူ လောင်းချခံရသော ပန်းပင်သစ်ပင်ကဲ့သို့ တစ်နေ့တစ်ခြား ညှိုးညော်ခြောက်သွေ့ကာ အတိဒုက္ခရောက်ကြပုံကို မြင်ကြရပါသည်။ ကျေးကွင်းစွပ်ခြင်း၊ ကျေးဇူးကန်းခြင်း၏ အပြစ်တရားကား ကြောက်ရွံ့ထိတ်လန့်စရာ ကောင်းလှပေသည်။

အမှန်ကို သိမြင်သူသည် ပညာရှိဖြစ်၏ ။ အမှားကို ယခင်က ပြုမိဖူးသော်လည်း အမှားဟု သိလျှင် ပညာရှိသူ ဖြစ်လာ၏ ။ အမှားကို သိမြင်လျှက် အမှန်ကို ပြုပြင် ကျင့်သုံးနိုင်လျှင် ထိုသူသည် သူတော်ကောင်းပင် ဖြစ်၏ ။ ပညာရှိသူတော်ကောင်းတို့သည် အမိအဘ တို့ကို မညိုမငြင် ချစ်ခင်ကြင်နာစွာ ပြုစု လုပ်ကျွေးခြင်း အစရှိသော ကျင့်ဝတ်(၇)ခုတို့ကို ပြုမူကျင့်သုံးသဖြင့် ခေါင်းဆောင်အကြီးအမှူးဖြင့် သြဇာတိက္ကမ ကြီးမားသော ဘဝသို့ ရောက်ကြရလေသတည်း။

သိလျှင် ပညာရှိ၊ ကျင့်လျှင် သူတော်ကောင်း၊ အကျိုးပေးသော ကျင့်ဝတ်(၇)ချက်ကို လက်စွဲပြုနိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**ဒို့ကျေးရွာ ဂျာနယ်**

**၉-၃-၂၀၀၇**

*

## (၃) မှတ်ဉာဏ်ကောင်းစေရန် မခက်ပါ

မှတ်ဉာဏ်သည် ကလေးဘဝမှ အသက် ၅၀ အထိ လေ့ကျင်လျှင်လေ့ကျင့်သလောက် ထိရောက်စွဲမြဲပါသည်။ အထူးသဖြင့် အသက် ၁၀ နှစ်မှ ၂၅ နှစ်အထိ သင်ယူဆည်းပူးမှုများ၊ အတွေ့အကြုံများသည် မှတ်ဉာဏ်၌ ကောင်းစွာထင်ရှားတတ်သည်။ အသက် ၆၀ ကျော်လာသောအခါတွင်မူ ငယ်စဉ်ကလောက်အရွယ် ရှက် မှတ်ဉာဏ်မကောင်းချင်တော့ပေ။ သို့ရာတွင် ရှစ်ဆယ်၊ ကိုးဆယ်တိုင်အောင် စာကောင်းပေကောင်းများ ရေးသားနိုင်ကြသော ဆရာမင်းသုဝဏ်၊ ဆရာတတ်တိုး၊ ဆရာပါရဂူ အစရှိသော ဆရာကြီးများကို ကြည့်ပါက မှတ်ဉာဏ်သည် အရွယ်ရင့်ရော်သော်လည်း မချွတ်ယွင်း မပျက်စီးသူများလည်း ရှိပေသည်။

မှတ်ဉာဏ်ကောင်းစေလိုပါက အောက်ပါအချက်များကို လိုက်နာကျင့်သုံးအပ်သည် ဟု မှတ်သားခဲ့ရဖူးပါသည်။

(၁) အိပ်ရေးဝအောင် အိပ်ပါ။ (အိပ်ချိန်မှာ ဦးနှောက်ဆဲလ်များ အားသစ်ဖြည့်ကြရသည်) (၂) အသီးအနှံနှင့် ဟင်းသီးဟင်းရွက်ကို များများစားပါ။

(၃) နေ့စဉ် ကိုယ်လက်လှုပ်ရှားမှုများ မှန်မှန် ပြုလုပ်ပါ။

(၄) အသစ်အဆန်းများကို လေ့လာရမည်။ စိတ်ဝင်စားရမည်။

(၅) စာဖတ်သည့်အခါ အရေးကြီးသော အချက်များကို ခဲတံ(သို့) ရောင်စုံမင်ဖြင့် မျဉ်းသားရမည်။ အတိုကောက် မှတ်ရမည်။

(၆) လူများနှင့် ရင်းနှီးခင်မင်စွာ ဆက်ဆံရမည်။

အကောင်းမြင်သဘောထား ရှိရမည်။

(၇) စနစ်တကျ သိမ်းခြင်း၊ ထားခြင်း၊ မှတ်ခြင်း တို့ ပြုရမည်။

(၈) ရုပ်မြင်သံကြား၊ ရုပ်ရှင်၊ တီဗီကြည့်ခြင်း မလွန်ကဲစေရ။

(၉) အချက်အလက်များကို စာဖြင့်ရေးမှတ်ခြင်း ပြုရမည်။

(၁၀) ပဟေဠိ၊ ဉာဏ်စမ်း၊ ပုစ္ဆာ၊ လေ့ကျင့်ခန်းများဖြင့် အပန်းဖြေရမည်။

ခေါင်းဆောင်ဖြစ်လာသူများ၊ ပျော်ရွှင်အောင် မြင်သူများ၊ လူချစ်လူခင်ပေါများသူများ စသည်တို့သည် သာမန်လူ အများထက် ထူးခြားထူးချွန်သော မှတ်ဉာဏ်ကို ပိုင်ဆိုင်ကြလေသည်။ တစ်ခါက လယ်သမားတစ်ဦးသည် သမ္မတကြီး၏ လက်ကိုဆွဲကာ " သမ္မတကြီး ခင်ဗျား။ လွန်ခဲ့တဲ့ ၄-၅ နှစ်က သမ္မတလောင်း မဲဆွယ်ပွဲအတွက် ကျွန်တော်တို့ ဒေသကို စည်းရုံးရေး ကွင်းဆင်းခဲ့စဉ်က လုပ်အားပေး စပါးရိပ်သိမ်းပေးခဲ့ကြတာကို မှတ်မိပါသလား" ဟု မေး၏ ။

"မှတ်မိပါတယ်" ဟု သမ္မတ က ဖြေ၏ ။

"အဲဒီ တုန်းက တံစဉ်တွေ ပြန်စုစည်းတဲ့အခါ အားလုံးပဲ ပြည့်စုံပါတယ်။ ဒါပေမယ့် တံစဉ်တစ်ချောင်း လိုနေပါတယ်။ အဲဒါဟာ သမ္မတကြီး ပြန်အပ်ဖို့ မေ့ခဲ့တာလို့ ထင်မိပါတယ်။ သမ္မတကြီးက ဘယ်မှာများ ချထားခဲ့ပါသလဲ။ မှတ်မိပါသေးလား" ဟု မေးလေသည်။

ခဏမျှစဉ်းစားပြီး "အို... ဟုတ်တယ်ဗျ။ ကျုပ် ပြန်မအပ်ခဲ့မိဘူး။ ခြံတံခါးပေါက်ရဲ့ အတွင်းဘက်မှာ ချိတ်ထားလိုက်မိတယ်။ ဘယ်သူ ဘယ်ဝါရဲ့ လယ်ကွင်းထိပ်က ခြံတံခါးအတွင်းဘက်မျက်နှာမှာ ရှာကြည့်လိုက်ပါ" ဟု တိကျစွာ ဆိုလေသည်။ တစ်ကယ်တမ်း သွားကြည့်သောအခါ ထိုတံစဉ်တစ်လက်ကို တွေ့ကြရသည် ဟု ဖတ်ဖူးပါသည်။ မှတ်ဉာဏ်ကောင်းသူတို့သည်

ခေါင်းဆောင်ဖြစ်လာသည်။ ခေါင်းဆောင်များသည် မှတ်ဉာဏ်ကောင်းကြသည်။ ထိုသမ္မတကား အေဘရာဟန်လင်ကွန်း (ခ) လင်းကင်း (၁၈၀၉-၁၈၆၅) ဖြစ်ပေတော့သည်။

မှတ်ဉာဏ်ကောင်းနည်း အထက်ပါ ဆယ်ချက်သည် ဘာမျှ မခက်ခဲလှသော်လည်း စာဖတ်သူအား ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်အောင် အထောက်အကူ ပေးစေပါလိမ့်မည်။

**ဒွိကျေးရွာဂျာနယ်**

**၉-၃-၂၀၀၇**

*

## (၄) စည်းကမ်းရှိမှ

“လူတွေပြောင်းလဲလာကြတာ သူများခိုင်းလို့ မဟုတ်ဘူးဗျ။ အပြောင်းအလဲရဲ့ အကျိုးကျေးဇူးတွေကို သူတို့ကိုယ်တိုင် သတိပြုမိလာလို့ ပြောင်းဖြစ်ကြတာပဲ။ အထူးသဖြင့် သူတို့နဲ့ ဘဝတူ အနေအထားတူတဲ့ လူတွေ ပြောင်းလဲပြီး ချမ်းသာလာတာကို သတိပြုမိတော့မှ အပြောင်းအလဲလုပ်ဖို့ စိတ်ဝင်စားလာကြတာ ”

**မိုက်ကယ်၊ မန်ဒီလ်၊ ဘမ်း**

**(ကျော်ဝင်းဘာသာပြန် ကမ္ဘာပြားပြီ။**

**စာအုပ်၊ တတိယတွဲ-စာ-၇၁၇)**

ဇာတ်ပွဲတစ်ခုတွင်

ဖြစ်ရပ်မှန်တစ်ခုကိုတင်ပြ၍ စတင်ပါရစေ။

မြေလတ်ဒေသဘုရားပွဲတော်တစ်ခု၏ ဇာတ်ပွဲခင်းတစ်ခုအတွင်းမှာ ဖြစ်ပါသည်။ နိုင်ငံအဝန်း ကျော်ကြားသော အသံကောင်း၊ ရုပ်ချော၊ အပြောကောင်း၊ အကကောင်း၊ ခေါင်းဆောင်ဇာတ်မင်းသား၏ ဇာတ်စင်ပဲ ဖြစ်ပါသည်။ ပွဲကြည့်ပရိသတ်ကလည်း ကြက်ပျံမကျ စည်ကားများပြားသည်။ ဇာတ်က ကောင်းသဖြင့် ပရိသတ်က တစ်ခဲနက် အားပေးကြည့်ရှုနေကြသည်။ ပြဇာတ်ကလည်း ကောင်းသည်။ ယခု ကပြနေသော နှစ်ပါးသွားခွင်ကလည်း ကောင်းသည်။ လူရွှင်တော်ကြီးတွေ ပြက်လုံး ထုတ်လျှင်လည်း

တသောသောရယ်မောကြလျှက် ပတ်တုတ်မရအောင် ပွဲကျလျက်ရှိ၏ ။ မျက်ရည်ကျေအောင် ရယ်ရသဟဲ့။ အူနာအောင် ရယ်ရသကွယ်နှင့်၊ အညာသူ အညာသား ပရိသတ်များ တဟားဟားနှင့် အလွန်သဘောကျ ပျော်ရွှင်နေကြစဉ် ပရိသတ်ထောင့်တစ်နေရာမှ အသံတစ်သံကြောင့် အားလုံး၏ အာရုံသည် ထိုနေရာဆီသို့ ရောက်ရှိသွား၏ ။

နှစ်ပါးသွားကနေစဉ်

"ဆိုတာကောင်းပါတယ်။ ကတာကောင်းပါတယ်။ ဒါပေမယ့် ဆိုင်းအတီးမပါပဲ ကတာသက်သက် ကြည့်ချင်တယ်ဗျို့။ ဆိုင်းမပါဘဲ ကပြစမ်းပါ"

လူတစ်ယောက်က ပရိသတ်ထဲမှ ထအော်လိုက်ခြင်း ဖြစ်ပါသည်။ သူက ထိုစကားကို နှစ်ခါသုံးခါ ထပ်ပြောနေသည်။ မူးယစ်နေသလားတော့ မသိပေ။ သူ့အုပ်စုက ဟုတ်တယ်။ ဝုတ်တယ်တဲ့။

"ဆိုင်းမပါဘဲ ကပြစမ်းပါ"။

ပရိသတ်သည် ရုတ်တရက်ကြီး ငြိမ်သက်သွား၏ ။ မီးကို ရေနှင့် ပက်လိုက်သကဲ့သို့ဟု ဆိုရမည်။

နှစ်ပါးသွားကပြနေသော မင်းသားက သေချာစွာ နားထောင်သည်။ အချိန်ကို စောင့်၍ ပြုံးလျက် အဖြေစကား သူပြောကြားသည်။

"ဦးဓာတ်ဆီရေ"

"ဓာတ်ဆရာခင်ဗျား"

"ဦးဓာတ်ဆန်"

"ရှိပါတယ် ဆရာရေ့"

"သဘင်၊ သဘင်နဲ့ အမြင်သာ လွယ်တယ်၊ ထင်ရပေမယ့် တကယ်လုပရင် အဟုတ်ခက်ပါတယ် ဆိုတဲ့စကား ရှိတယ် မဟုတ်လား ခင်ဗျာ"

“ကြားဖူးပါရဲ့ ဆရာ”

“ကျွန်တော်တို့ ဇာတ်သဘင်သည်များဟာ ရွှေပွဲလာ ပွဲကြည့်ပရိသတ်များက အားပေးမြှောက်စားကြလို့ ယခုလို ကပြတင်ဆက်နိုင်ခြင်း မဟုတ်ပါလားခင်ဗျာ”

“အမှန်ပါပဲ ဇာတ်ဆရာခင်ဗျာ”

ထမင်းရှင်

“ရွှေပွဲလာကြည့်ပရိသတ်များဟာ ကျေးဇူးရှင် ထမင်းရှင်တွေဆိုရင်ကော မှားမလားခင်ဗျာ”

“မမှားပါဘူးခင်ဗျ”

“ကျေးဇူးရှင်၊ ကျွေးမွေးယုယ အားပေးကြတဲ့ ကျေးဇူးရှင်တွေရဲ့ စိတ်ဆန္ဒအလိုကျအောင် ကျွန်တော်တို့က အစွမ်းကုန်ဖြည့်ဆည်းပေးရန် တာဝန်ရှိပါတယ်။ ဒါဟာ ကျွန်တော်တို့ရဲ့ ကျေးဇူးဆပ်ချင်တဲ့စေတနာ၊ စေတနာနဲ့တာဝန်ကြောင့် ကျွန်တော်တို့ဟာ စေခိုင်းရာကို လုပ်နိုင်သမျှ လုပ်ပေးကြရပါမယ်”

“ကောင်းလှပါတယ် ဇာတ်ဆရာ”

“သို့ရာတွင် အကြောင်းအကျိုး၊ အကောင်းအဆိုး တင်ပြလာစရာရှိရင်လည်း တင်ပြရမှာပဲ မဟုတ်ပါလား ဦးရွှေငါးရေ”

“ဆိုင်းမပါပဲ ကပြပါဆိုရင် ကလို့မရဘူးလားလို့ မေးလာရင် ရပါတယ်လို့ ဖြေရပါ့မယ်။ ဆိုင်းမပါပဲ ကလို့ ရပါတယ်။ ကပြပါမယ်။ သို့သော် -”

“စည်းဝါးမပါပဲနဲ့တော့ ကပြလို့ မရပါ။ စည်းနဲ့ဝါး မပါပဲနဲ့ ကလို့ရပ့ါမလာ ဦးဓာတ်ဆီရေ”

“စည်းလွတ်ဝါးလွတ် ကလို့ မဖြစ်ပါခင်ဗျား”

စည်းနှင့်ဝါး

“ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ အနုပညာရသ ဖန်တီးခြင်းမှန်သမျှမှာ စည်းမျဉ်းစည်းကမ်း၊ နရီ၊ စည်း၊ ဝါး၊ သတ်မှတ်ပြဋ္ဌာန်းထားသော အကန့်၊ အပိုင်းအခြားဟာ ရှိကြစမြဲ ဖြစ်ပါတယ်။ ဘီလူးစည်း၊ လူ့စည်း ဆိုတဲ့ စကားလည်း ရှိတယ်မဟုတ်လား ခင်ဗျာ”

“ရှိရပါတယ် ဇာတ်ဆရာခင်ဗျား”

“စည်းဆိုတာ ရေးထားတာ၊ ပြောထားတာ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ စည်းကတော့ လူသားမှန်သမျှရဲ့ အသိဉာဏ်အရ သိအပ်လိုက်နာအပ်တဲ့ အတိုင်းအတာတစ်ရပ်အနေနဲ့ ရှိကြရတာ ပါပဲ။ ရဟန်းမှာ ဝိနည်း၊ ရွာမှာ စည်းရိုး၊ လူမှာ စည်းကမ်း ဆိုတာ အနားကွပ်ထားတဲ့ အပိုင်းအခြားတွေ မဟုတ်ပါလား ဦးဓာတ်ဆန်ရယ်”

“မှန်ပါတယ်၊ စည်းကမ်းဟာ လူရဲ့တန်ဖိုးပါ ခင်ဗျ”

စည်းကမ်း

ဇာတ်ဆရာသည် စည်းအခြေခံကျပုံ၊ စည်းကမ်းသည် အရေးကြီးပုံ၊ စည်းကမ်းရှိသော လူ့အဖွဲ့အစည်းကသာလျှင် ဖွံ့ဖြိုးတိုးတတ်စည်ပင်နိုင်ပုံများကို ပရိသတ် အငေးသားနားထောင် ဘဝင်ကျလောက်အောင် နာရီဝက်ခန့် ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောဆိုနေတော့သည်။ ပွဲကြည့်ပရိသတ်က သဘောကျ သဘောပေါက်သည်။ ငြိမ်သက်စွာ အာရုံစိုက်ကြသည်။

မူးတိမူးကြောင်နှင့် ထအော်ဟစ်သော ပွဲကြည့်သူ လူတစ်စုကြောင့် ဒေသနယ်မြေနာမည်ပျက်၍ အရှက်ရစေနိုင်ကြောင်း သတိပြုမိလာသည်။ ရပ်ရွာလူကြီးများ ဖြစ်ပုံရသူအချို့က ထိုကဲ့သို့ အော်ဟစ်သူ သုံးလေးယောက်တို့အား ဂိုင်းမှ ထုမကာ ဆွဲထုတ်သွားကြသည်ကို တွေ့ရလေသည်။ ခေါင်းငုံ့လျှက် ပါသွားကြပေပြီ။

ဇာတ်ဆရာသည် ဆိုင်းမပါဘဲ စည်း ဝါး အတီးမျှဖြင့် နရီ၊ စည်းထိပ်၊ စည်းကျဲ၊ ဝါးလတ်၊ စည်းသုတ် အမျိုးမျိုးဖြင့် လှပစွာ ကပြအသုံးတော်ခံပြီး ပရိတ်သတ်၏ မေတ္တာကို ထိုညက အဆများစွာ ရသွားခဲ့လေသည်။ ထိုဇာတ်မင်းသား၏ ထိုညကလှပစွာတင်ပြပြောဆိုသမျှစည်းကမ်းနှင့်ပတ်သတ်

သောစကားကိုလည်းပွဲကြည့်ပရိတ်သတ်ကထာဝစဥ်စွဲမြဲအမှတ်ရသွားစေ ထိုဇာတ်ဆရာကား မင်္ဂလာဦးအောင်မောင်းဖြစ်ပါသည်။ အချိန်ကာလမှာ လွန်ခဲ့သောနှစ်ပေါင်း ဖ၀ခန့်က မြန်မာပြည်လွတ်လပ်ရေးရပြီးစ သူပုန်၊ သူကန်၊ လက်နက်ကိုင်ပျောက်ကျားတွေ တစ်တော တစ်ကြက်ဖ ရှိနေကြသေးသော ကာလဖြစ်ပါသည်။ သူက ရဲရဲဝံ့ဝံ့ ပြောခဲ့၏ ။

စည်းကမ်းရှိမှတိုးတက်မည်။

မှန်လေသည်

သဘင်၊ သူရူး၊ ကလေးသူငယ်ဟူသော ဤသုံးဦး၏ စကားသည် မှန်ကန်တက်သည်။ သဘင်ပညာရှင် တစ်ဦး ထိုတစ်ညထိုစဉ်ကပင် အလေးအနက်လှစ်ဟခဲ့သောစကားသည် မှန်ခဲ့သည်။ စည်းကမ်းရှိသဖြင့် တိုးတက်ကြရသည်။

စည်းကမ်းကိုရိုသေလေးစား လိုက်နာတက်ကြသဖြင့် ကျွန်ုပ်တို့နိုင်ငံသည် တစ်စတစ်စ ဖွံ့ဖြိုးတိုးတက်လာခဲ့ရသည်။ ဆက်လက်ပြီး နိုင်ငံကြီးသား ပီပီသသ စည်းကမ်း၏ တန်ဖိုးကို ပိုမိုသိမြင်နားလည်ကြသည်နှင့်အမျှ အဖက်ဖက်မှ တိုးတက်အောင်မြင်ကြဦးမှာလည်း အမှန်ပင်။

ဖွံ့ဖြိုးတိုးတက်မည်ကို မလိုလားသူအချို့တော့ ရှိကြသေးသည်။ ပြည်သူလူထုက တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးရှိမှ တိုးတက်ဖွံ့ဖြိုးမှုများ အရှိန်အဟုန်ပိုမိုကောင်းလာမည်ကို သိကြသည်။ ဖွံ့ဖြိုးတိုးတက်မည်ကို မလိုးလားသူ အဖျက်သမားတစ်စုမှာ ပေါ်ပေါ်ထင်ထင်

ခေါင်းမဖော်ရဲ။ ထောက်ခံသူမရှိသဖြင့် မျက်နှာမဖော်ရဲ။

တစ်ချိန်တည်း တစ်ပြိုင်တည်း ဈေးကြီးထဲ ဗုံးခွဲသည်။ လူထုက မကျေနပ်။ တောရွာများမှာ မိုင်းထောင်သည်။ ပြည်သူက မုန်းတီးသည်။ လမ်းမပေါ် အော်ဟစ် ဆူပူ မငြိမ်မသက်ဖြစ်အောင် နှိုးဆွသည်။ ပြည်သူလူထုက ဝိုင်းပယ်ဆန့်ကျင်ကြသည်။ ရွံရှာစက်ဆုတ်သည်။ အော်ဟစ် ဆူပူခြင်းများကို အလိုမရှိပါ။ အေးချမ်းလုံခြုံခြင်းကိုသာ ပိုမိုလိုလားသည်။

စည်းကိုကျော်လာ

ပြည်သူကို ထိတ်လန့်ခြောက်ခြားအောင် အနည်းနည်းအဖုံဖုံ ခြောက်လှန့်သော်လည်း ပြည်သူကသွေးမလန့်ခဲ့။ ပြည်ပ သံရုံးအချို့သည် စည်းကိုကျော်လျှက်၊ အရှက်မရှိ၊ အဖျက်လုပ်ရက်များလုပ်အောင် နည်းမျိုးစုံ နှိုးဆော် တိုက်တွန်းကြ၏ ။ ပြည်သူလူထုက နိုင်ငံကြီးသား ပီသစွာ သည်းခံနေကြ၏ ။ သံတမန်တချို့သည် စည်းကို ဖောက်လျှက် သူလျှိုအဖျက်လုပ်ရပ်များ ပြုမူခဲ့ကြ၏ ။ နိုင်ငံတော်အစိုးရသည် မုန်းစကို တိုစေလျက်၊ ချစ်စကို ရှည်စေရမည်ဟူသော ကျင့်ဝတ် စေတနာမပျက် ခွင့်လွှတ်ထားခဲ့၏ ။

အဖျက်လုပ်ရပ်များ လက်ဝါးချင်းရိုက်နေသော အချို့သံတမန်နှင့် ပလူးပလဲ ဝင်ချည်ထွက်ချည်လုပ်နေသော ငါးခုံးမအချို့ကိုလည်း ပြည်သူလူထုက နေ့စဉ် မြင်နေ၏ ။ တွေ့နေ၏ ။ ဘာသာစကားသင်တန်းဟု ဗန်းပြကာ ဆန့်ကျင်ရေး နည်းနာများကို ပို့ချ သင်ပြ လှုံ့ဆော်ခဲ့ကြ၏ ။ ဗူးသွင်းနေကြ၏ ။ နိုင်ငံနှင့် လူမျိုးအကျိုးကို ကာကွယ် စောင့်ရှောက်ရန် တာဝန်ရှိသူ အချို့က စည်းကိုမကျော်အောင် အစဉ်မပြတ်စောင့်ကြည့် နေကြ၏ ။

ဘာသာရေးကိုအကြောင်းပြုကာ ဆူပူအုံကြွမှုများဖြစ်လာအောင် ဗုံးခွဲသူကို စေလွှတ်ခဲ့၏ ။ ထိုသူကိုယ်တိုင် စနက်တံကိုဖြုတ်မိသဖြင့် ဂမ်းဗိုက်ပွင့်ပြီး သေပွဲဝင်သွားရ၏ ။ ဘာသာရေးကို ခုတုံးလုပ်ကာ မကျေနပ်မှုများ ဖြစ်အောင်

လေလှိုင်းသံမှ မဟုတ်မမှန်စွပ်စွဲ သွေးထိုး လှုံ့ဆော်နေ၏ ။ သွေးခွဲခြင်းဟူသမျှ၏ ဆိုးကျိုးများကို နားလည်နေကြပြီဖြစ်သည့် ပြည်သူလူထုသည် နားငြီးခံပြီး နားမထောင်ကြတော့ပေ။ စည်းလုံးခြင်းသည် ခွန်အား။

မျက်နှာဖုံးကွာကျ

လူ့အခွင့်အရေး၊အမျိုးသမီးများအခွင့်အရေး၊ဒီမိုကရေစီရေး၊ ဘာသာရေးလွတ်လပ်ခွင့်စသည်

ဖြင့်အပေါ်ယံမျက်နှာဖုံး အမျိုးမျိုးစွပ်ပြီး ပါးစပ်ဖျားက သကြားရည်သုတ်ထားကြပါသော်လည်း တကယ့်ရည်ရွယ်ချက်ကား ကျွန်ုပ်တို့ နိုင်ငံနှင့်လူမျိုးကို ဖိနှိပ်ရေး၊ သိက္ခာချ ဝိုင်းပယ်ရေး၊ ထိုးနှက်ဖျက်ဆီးရေး၊ ဒုက္ခရောက်စေရအောင် ပိတ်ပင်ရေး၊ နိုင်ငံတကာနှင့် အဆက်ပြတ်စေရေးကိုသာလျှင် ၁၉နှစ်လုံးလုံး တစိုက်မက်မက် သူတို့ကြိုးစား လုပ်ဆောင်ခဲ့သည်မို့ ဟန်ဆောင် ဖုံးကွယ်၍ မရပြီ။

ဗူးပေါ်သလို ပေါ်နေပြီ။ ထင်ရှားခဲ့ပြီ။

အဖျက်လုပ်ရပ်များကို ပြည်သူမလိုလား။

စည်းကမ်းတန်ဖိုး

ပြည်သူကနိုင်ငံတကာနှင့်အညီ ခေတ်မီ ရင်ပေါင်တန်းနိုင်အောင် ပြောင်းလဲချင်နေပြီ။ အပြု လုပ်ရပ်များ၏ အကျိုးကျေးဇူးကိုလည်း ကိုယ်တိုင်ခံစား ထိတွေ့နေရပြီ။ လေလှိုင်းသံထဲက လုပ်ကြံလီဆယ် ဘာ တွေပဲပြောနေနေ မျက်မြင်ကောင်းကျိုးတစ်ခုမှမပါ။ စေတနာမွဲလှသည်။ အကြံအစည်ယုတ်ညံ့လှသည်။ ပျဉ်ဖိုးနားလည်ခဲ့ပြီ။

ကဗျာဆရာကြီးမင်းသုဝဏ်ရေးသားဖွဲ့ဆိုခဲ့သောဒွေးချိုးကဗျာတစ်ပုဒ်ကို နားဝင်လက်ခံသည် -

စည်း တွင်းမှာနေ၊ ကင်းကွေလိမ့်ရန်ဘေး။

ကမ်း ကိုကျော်၊ ချော်ကာကျ၊ များလှရန်ဘေး။

မယ်သီတာသည် ရာမနှင့်လက္ခဏာတို့ စည်းသားထားခဲ့သော စည်းကိုကျော်ခဲ့မိသဖြင့် ဒသဂီရိ ဘီလူး၏ ခိုးယူခေါ်ဆောင်ရာသို့ ပါသွားခဲ့ရသည်။ ရာမဇာတ်တော်ထဲက သင်ခန်းစာကို မလိုက်နာသူသည် မှားခဲ့မိပြန်၏ ။ ဩော်မော်ရုံဟေဝန်တောမြိုင်စွန်တွင်စည်းကိုအကြိမ်ကြိမ်ကျော်သဖြင့် မျက်စိလည်နေရှာသူတွေလည်း ရှိနေခဲ့၏ ။ စည်းကမ်းသည် လူ၏ တန်ဖိုးဖြစ်သကဲ့သို့ မည်သည့်နိုင်ငံ မည်သည့်တိုင်ပြည်မဆို စည်းကမ်းရှိမ တိုးတက်မည်ဖြစ်ပါသည်။ မျက်စိမှောက်ကာ စည်းကမ်းဖောက်ကြအောင် ဘေးတီလှို့ဆော်နေ သည့် ပြည်ပအဖျက်သမားများ၏ အစွယ်ပြူးပြူးဘီလူး ဇာတိရုပ်ကား ဖုံးကွယ်ထား၍ မရတော့ပြီ။

မြင်သာပြီ

လူ့စည်း၊ ဘီလူးစည်းကွဲပြားသဖြင့် နိုင်ငံတကာဖြစ်ပေါ်ပြောင်းလဲမှု၊ ဆက်သွယ်ရေးနည်းပညာ ခေတ်မီကျယ်ပြန့်မှု၊ တိုးလျှိုပေါက်မြင်သာနိုင်စွမ်းရှိမှု အခြေအနေကို ကျေးဇူးတင်ရသည်။ အမှားသည် အမှန်မဖြစ်လာ။ အဆိုးသည် အကောင်းမဟုတ်ပါ။ အဖျက်သည် အပြုအဖြစ် အထောက်အကူမပြု။ ယုတ်မာကောက်ကျစ်မှုသည် ရိုးသားဖြူစင်မှု အဖြစ် ဖုံးကွယ်ပုံဖျက်ချင်၍ မရချေ။ Transparency ပွင့်လင်းမြင်သာသောခေတ် ရောက်လာပြီ။

မည်သူတွေက မည်မျှပင်နှောင့်ယှက်ဟန့်တားပိတ်ဆို့ထားခဲ့စေကာမူ ကျွန်ုပ်တို့သည် တစ်ညီလက်ညီ စည်းကမ်းရှိရှိနှင့် ပိုမိုကောင်းမွန် တိုးတက်သော ခေတ်မီဖွံ့ဖြိုးသော အခြေအနေတစ်ရပ်ဆီသို့ ရွေ့ရှုပြောင်း လဲနိုင်ကြသည်ကား မုချသေချာပေသည်။ ပြည်သူတွေ၏ ဖွဲ့၊ လုံ့လနှင့် အမြော်အမြင်ကို လေးစားချီးကျူးရပေမည်။ ပြည်သူ၏ စွမ်းအားသည် ကြီးမားလေသည်။

ချစ်နိုင်(စိတ်ပညာ)

၁၂-၃-၂၀၀၇

*